# BURMA UPDATE 197
## 24 SEPTEMBER 2007
## THE SEVENTH DAY OF SAFFRON REVOLUTION

*The Map of Peaceful Demostrations (Since 17 Aug to 24 Sep, 2007)*

- 155 times
- 56 cities
- 7 Divisions
- 6 States




**Burma Update by PDC/NCUB**

# Saffron Revolution: The Uprising

On September 24th, people all over the country responded to the call of Monks Alliance for general strike.

*Rangoon*
More than 10,000 monks came out on the streets joined by about 300,000 laypeople of all walks that included 30 Members of Parliament elected in 1990 elections, about 100 NLD members and students. CRPP members Pu Chin Shin Thang, U Aye Thar Aung, Htaung Ko Htang and others joined the demonstrations. About 200 celebrities and artists led by actor Kyaw Thu, comedian Zaganar and poet Aung Way came out in support of striking monks.

*Rangoon Division*
Demonstrations broke out in **Hwawbi** staged by 1000 monks supported by townsfolk.
In **Kunchangone**, 400 monks and 1000 laypeople demonstrated.

*Mandalay Division*
In **Mandalay**, 20,000 monks joined by tens of thousands of people including elementary school students and NLD members held a massive demonstration.
In **Amarapura**, 2000 monks walked into town to protest.
About 2000 monks and 100,000 people demonstrated in **Mogok**.

*Magwe Division*
About 2500 monks and nuns and 100,000 townspeople demonstrated again in **Pakokku**, the cradle of the Saffron Revolution.
In **Natmauk**, the birthplace of nation's Founding Father Bogyoke Aung San, all 275 monks demonstrated approved by *Sangha* Supreme Councilor Abbot.
Nearly 250 monks supported by thousands of people demonstrated in **Yesagyo**.
More than 200 monks in **Aunglan**, 150 monks and 1000 people in **Sinbyugyon**, 600 monks and 10,000 people in **Yenangyaung**, 150 monks and nuns supported by 5000 people in **Taungdwingyi** also demonstrated.

*Sagaing Division*
More than 1000 monks in **Sagaing** and nearly 150 monks in **Shwebo** demonstrated.
In **Mon-ywa**, 500 monks demonstrated, while some monks were banished from monastery by pro-junta abbot for joining the protests.
Also in **Kalemyo**, 600 monks joined by Kalemyo university students walking out of exam rooms demonstrated.

*Pegu Division*
In **Pegu**, 3000 monks and 100,000 laypeople demonstrated. 50 monks in **Nattalin** and 400 monks and 2000 people in **Diak-u** also demonstrated. Six hundred monks and 5000 people demonstrated in **Toungoo**. Over 3000 monks and 10,000 people demonstrated in **Prome**.

*Tenasserim Division*
In **Tavoy**, 200 monks demonstrated. In **Kawthaung** (Victoria Point), over 30 monks held a demonstration supported by 500 people.

*Irrawaddy Division*
Over 200 monks and more than 2000 people in **Pyapon**, 400 monks and thousands of people in **Bassein** demonstrated, while 800 monks demonstrated for the second consecutive day in **Henzada**.

*Arakan State*
In **Akyab**, 20,000 monks, 300 nuns and nearly 100,000 laypeople including government employees, students and Muslims held a massive demonstration.
About 70 monks supported by NLD MP and people demonstrated in **Rathedaung** and monks in **Maungdaw** also demonstrated.

*Karen State*
Monks from 33 villages and laypeople including school teachers demonstrated in **Kawkareik**.

*Kachin State*
In **Myitkyina**, 300 monks demonstrated against the abbot who, currying favor from authorities, drove out the protesting monks. In **Bhamo**, 300 monks also demonstrated again.

*Mon State*
In **Moulmein**, 1000 monks demonstrated, while the ceasefire group New Mon State Party declared its support for the Saffron Revolution, becoming the first ethnic armed ceasefire group to voice its support.

At least 25 cities and towns saw monks and laypeople alike rose up in massive protests. The junta has closed down all elementary schools indefinitely.

All Burma **Islamic** Theologians League and Islamic Student Group have urged all Muslims to hold support prayers of Buddhist monks. Meanwhile Burma's **Minister for Religion, Brig. Myint Maung** has warned the protesting monks that the junta would take action soon.

Comparison of Yearly Activities and Campaigns inside Burma




*Source : Political Defiance Committee*

## ၂၄ စက်တင်ဘာ ၂၀၀၇

### ရန်ကုန်မြို့

ရန်ကုန် - ယနေ့နံနက် ၉ နာရီခန့်တွင် ရန်ကုန်မြို့ တာမွေမြို့နယ် ယုဇန ပလာဇာရှေ့မှ စတင်၍ သံဃာတော် အပါး ၄၀၀ ခန့် ဆန္ဒပြ ချီတက်ကြောင်း သိရသည်။ အဆိုပါ သံဃာတော်များသည် မူရင်းသီတင်းသုံးရာမှ ကားများစီးလာ၍ ယုဇနပလာဇာ ရှေ့တွင်စုပြီး ရွှေတိဂုံဘုရားသို့ ထွက်ခွာသွားသည်ဟု ရန်ကုန်မြို့က သံဃာတော်တပါးက ပြောသည်။

ဆန္ဒပြပွဲများ ဆက်တိုက် ဖြစ်ပွားလာပြီးနောက် ရန်ကုန်မြို့တွင် အလယ်တန်းကျောင်းနှင့် အထက်တန်း ကျောင်းအချို့ကို ယနေ့ ပိတ်လိုက်သည်။ ဗဟန်း အထက ၂ မှ ကျောင်းသားများကို နံနက် ၉း၃၀ နာရီတွင် ကျောင်းလွှတ်ပေးလိုက်ကာ အိမ်သို့ ပြန်ခိုင်းလိုက်သည်။ ရန်ကုန်မြို့ထဲက အလယ်တန်း၊ အထက်တန်းကျောင်းတွေ ပိတ်လိုက်ပါပြီ။ ဗဟန်း၂ ကို မနက် ၉း၃၀မှာ ကျောင်းလွှတ်လိုက်ပါတယ်။ ၇ လ လို့ ကျောင်းတွေမှာ ကြေငြာခဲ့ကြောင်း သိရှိရသည်။

နေ့လယ် ၁၂ နာရီကျော်တွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်မှစတင်၍ သံဃာတော်အပါး ၁၀၀၀ ကျော်က ဦးဆောင်ကာ ပြည်သူများနှင့်အတူ ဆန္ဒပြချီတက်ကြောင်း မျက်မြင်သက်သေတဦးက ပြောသည်။ အန်အယ်လ်ဒီရုံး ရှေ့သို့အရောက် သံဃာတော်များ ခေတ္တရပ်နားပြီးပရိတ်ရွတ်ကြောင်း၊ ၎င်းပတ်ဝန်းကျင်တွင် သွားလာနေသည့် ကားများပေါ်မှ ပြည်သူများဆင်းလာကာ ဆန္ဒပြစစ်ကြောင်းတွင် ပူးပေါင်းကြောင်းလည်း သူက ပြောသည်။ ဆန္ဒပြ စစ်ကြောင်းတွင် သံဃာတော်များအပါအဝင် စုစုပေါင်း အင်အားတသောင်းကျော်ရှိကြောင်း သိရသည်။ ကဗျာဆရာ အောင်ဝေးဦးဆောင်သည့် စာပေသမားအများအပြားလည်း ပူးပေါင်း ဆန္ဒပြကြောင်း သတင်းရရှိသည်။

ရန်ကုန်ရှိ ချီတက်ဆန္ဒပြပွဲတွင် အန်အယ်လ်ဒီအဖွဲ့ဝင် ၁၅၀ ခန့် ပူးပေါင်းဆန္ဒပြလျက်ရှိသည်။ ၎င်း ၁၅၀ တွင် လွှတ်တော်ကိုယ်စားလှယ်များလည်းပါဝင်ပြီး အန်အယ်ဒီအလံနှင့် လွှတ်တော်ကိုယ်စားလှယ်များဟူသည့် ဆိုင်းဘုတ် ကိုလည်း ကိုင်ဆောင်ထားသည်။

### ရန်ကုန်တိုင်း

ကွမ်းခြံကုန်းမြို့ - ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် သံဃာတော် ၄၀၀ ခန့်နှင့် မြို့လူထု ၁၀၀၀ ခန့်က မေတ္တာသုတ်၊ မောရသုတ်များ ရွတ်ဆိုကာ ငြိမ်းချမ်းစွာ ယနေ့ ဆန္ဒပြခဲ့ကြသည်။

### မန္တလေးတိုင်း

မန္တလေးမြို့ - ယနေ့ နံနက် ၈နာ ရီ မှ စတင်သော ပြည်သူလူထုအပါအဝင် သံဃာတော် အပါး သောင်းချီသည့် ဆန္ဒပြသူများသည် ယခုအချိန်ထိ ဆက်လက်ချီတက် ဆန္ဒပြနေသည် ဟုသိရသည်။ သံဃာတော်များ၏ နောက်တွင် အဖြူအစိမ်းဝတ် ကျောင်းသားများ၊ ပင်နီအကျီ ဝတ်၍ ခမောက်ဆောင်းထားသူများလည်း လိုက်ပါလာကြောင်း သိရသည်။

မိုးကုတ်မြို့ - မိုးကုတ်မြို့တွင် သံဃာတော် ၂၅၀၀ ခန့်နှင့် လူတသိန်းခန့်ပါရှိသော ဆန္ဒပြမှုကြီးတရပ် ပြုလုပ်လျှက် ရှိသည်။ မြို့လုံးကျွတ် ဆန္ဒပြခြင်း ဖြစ်သည်ဟု ဒေသခံတဦးကပြောသည်။

အမရပူရမြို့- နေ့လယ် ၁၂ နာရီ ခွဲ မှ ၂ နာရီ အထိ တွင် မဟာဂန္ဓာရုံ ကျောင်း၊ သုမောင်ကျောင်းများမှ သံဃာတော် အပါး ထောင်ချီ ဆန္ဒပြ ချီတက်သည်ဟု သိရသည်။ ယင်းဆန္ဒပြပွဲသို့ ပင်နီအကျီဝတ်ထားသော အန်အယ်လ်ဒီ အဖွဲ့ဝင် ၁၀ ဦးခန့် သံဃာတော်များ နောက်မှလိုက်၍ ချီတက်ကြပြီး ပြည်သူများက သံဃာတော်များကို ဖျော်ရည်များ၊ သောက်ရေများ ဆက်ကပ်သည်ဟု မျက်မြင် တဦးကပြောသည်။

### မကွေးတိုင်း

နတ်မောက်မြို့ - မကွေးတိုင်း နတ်မောက်မြို့တွင် ဘုန်းကြီးကျောင်း ၉ ကျောင်းမှ သံဃာတော် အပါး ၂၅၀ ကျော်က ယနေ့ နံနက် ၆ နာရီခွဲမှ စ၍ မြို့တွင်း လှည့်လည် ဆန္ဒပြခဲ့ကြသည်။ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားရာ ဇာတိတွင်

သာသနာ့အလံ ကိုင်ဆောင်ကာ သုံးပါးတတန်းစီ တန်းစီထားသော သံဃာတော်များသည် တမာပင်၊ ဈေးရပ်၊ မြို့မတို့ကို ဖြတ်သန်းခဲ့ရာ လူ တရာကျော်က လိုက်ပါခဲ့ကြသည်။

ပခုက္ကူမြို့ - ယနေ့နေ့လယ် ၁ နာရီ ခန့်တွင် ပခုက္ကူမြို့ရှိ သံဃာတော်အပါး ၂၅၀၀ ခန့်က ဦးဆောင်ပြီး မြို့လူထု ၁ သိန်းကျော် ပါဝင် ဆန္ဒပြချီတက်ကြောင်း ဆန္ဒပြရာတွင်ပါဝင်သည့် သံဃာတော်တပါးက ပြောသည်။

ရေစကြိုမြို့ - ရေစကြိုတွင် ဆန္ဒပြ- ယနေ့နေ့လယ် ၁ နာရီ ခန့်တွင် မကွေးတိုင်း ရေစကြိုမြို့ရှိ တိုက်ကြီးကျောင်းခေါ် အောင်မြေ သာယာကျောင်းတိုက်မှ သံဃာတော်အပါး၂၅၀ ကျော်သည် မေတ္တာသုတ်၊ မောရသုတ်များရွတ်ဆို၍ ချီတက်ဆန္ဒပြသည်ဟု သိရသည်။

အောင်လံမြို့ - သာဝတီသာကျောင်းတိုက်ကနေ သံဃာတော်အပါး ၂၀၀ကျော်လောက်ရှိတယ်။ ပြည်သူတွေ အားလုံးက လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးကြပါတယ်။

ဆင်ဖြူကျွန်းမြို့ - ဆင်ဖြူကျွန်းမှာ မဟာသုတိသာရာမတိုက်၊ မဟာဝိဇယရာမတိုက်က သံဃာတော်အပါး ၁၅၀၊ ပရိသတ် ၁၀၀၀ ကျော်၊ နေ့လည် ၁၂ နာရီခွဲကနေ စမှောက်တယ်။

ရေနံချောင်းမြို့ - ရေနံချောင်းမြို့တွင် သံဃာတော် ၆၀၀ ကျော်နှင့် လူ တသောင်းကျော်က ဆန္ဒပြကြသည်။ မြတ်စောညီနောင် ဘုရားမှ စတင်ထွက်သော ဆန္ဒပြသူများသည် မယကရုံး ရှေ့တွင် မေတ္တာသုတ် ၉ ခေါက် ရွတ်ဆို ခဲ့ကြသေးသည်။

တောင်တွင်းကြီးမြို့ - သီလရှင် ၃၀ နှင့် သံဃာတော် ၁၂၀ က "ပြည်သူ့ဆန္ဒ ပြည့်ဝပါစေ" စာတမ်းများ ကိုင်ဆောင်ထားသော ဆန္ဒပြပွဲ တခုကို တောင်တွင်းကြီးမြို့တွင် ယနေ့ ပြုလုပ်ခဲ့သည်။

## ပဲခူးတိုင်း

နတ်တလင်းမြို့ - နတ်တလင်း-ပဲခူးတိုင်း (အနောက်ခြမ်း) - နံနက် ၅ နာရီမှ ၆ နာရီအထိ သံဃာအပါး ၅၀ ကျော် မေတ္တာသုတ် ရွတ်ကာ နတ်တလင်းမြို့ကိုပတ်၍ ချီတက်ဆန္ဒပြသည်ဟု ဒေသခံတဦးက ပြောသည်။

ဒိုက်ဦးမြို့ - ပဲခူးတိုင်း ဒိုက်ဦးမြို့တွင် သံဃာတော် (၄၀၀)၊ ပြည်သူ (၂၀၀၀) ခန့် ယနေ့နံနက် (၈) နာရီခွဲကနေ (၁၁) နာရီ အထိ မြို့တွင်း လှည့်လည် ကြွချီ မေတ္တာပို့သပါတယ်။

ပဲခူးမြို့ - ယနေ့နေ့လယ် ၁ နာရီ တွင် ပဲခူးမြို့မှ သံဃာတော် အပါး ၄၀၀ ကျော်သည် မေတ္တာသုတ်ရွတ်ဆို၍ ဆန္ဒပြချီတက်သည်ဟု ဒေသခံများကပြောသည်။ ဆန္ဒပြချီတက်သည့် လမ်းတလျှောက် လမ်းဘေး ဝဲ၊ ယာမှလည်း ရာနှင့်ချီသော သံဃာတော်များ ဆက်လက် ချီတက်လိုက်ပါကြောင်း၊ ၃၀၀၀ ခန့်ရှိ မြို့လူထုကလည်း သံဃာတော်များ နောက်မှလိုက်ပါ ချီတက်နေကြောင်း သိရသည်။

တောင်ငူမြို့ – တောင်ငူမြို့ ရွှေဆံတော်ဘုရားရင်ပြင်ပေါ်၌ သံဃာအပါး ၂၀၀ ခန့် စုစည်းပြီး သိမ်ထဲကို ဝင်သွားခဲ့သည်။ သိမ်ကြီးမှ ပြန်လည်ထွက်လာပြီး မြောက်ဘက်မုတ်ဦးမှ ဆင်းကာဈေးလမ်း အရှေ့ဘက်အတိုင်း သံဃာ ၃၆၀ ပါးခန့် စီတန်းလမ်းလျှောက်သွားခဲ့ရာ ၄၈၃ ပါးခန့် ဖြစ်လာခဲ့ပြီး ရန်ကုန်မန္တလေးလမ်းအတိုင်း မြောက်ဘက်သို့သွားရာ ၅၇၁ ပါးခန့် ဖြစ်ပွားပြီး ထီးလှိုင်လမ်းမှ ဘုရားလမ်းအတိုင်းသွားရာ ကေလဇာတီဘုရားသို့ ရောက်ရှိခဲ့သည်။ သံဃာတော်များ စီတန်းလမ်းလျှောက် စဉ် ပြည်သူလူထု (၅၀၀၀)ကျော်ခန့် ပါဝင်လာသည်။

## စစ်ကိုင်းတိုင်း

မုံရွာမြို့ - ယနေ့နေလည်ပိုင်းမှာ မုံရွာ ထွေထွေသပိတ်ကြီးတွင်.. ဆရာတော်သံဃာတော် ၁၀၀၀ ကျော်နှင့် လူထုအင်အား ၁၀၀၀၀ ကျော် တို့ ပူပေါင်းပါဝင်ဆင်နွဲလျှက် ငြိမ်းချမ်းစွာ ဆန္ဒပြလျှက်ရှိကြောင်း မုံရွာမြို့ ခံတစ်ဦးက ပြောကြားပါသည်။

ကလေးမြို့ - ကလေးမြို့မှာ ရဟန်းနဲ့ ပြည်သူ ပူးတွဲဆန္ဒပြနေပြီ - ကလေးမြို့မှာ သံဃာတော်တွေက မနက်ပိုင်းက မြို့ထဲမှာ လှည့်ပြီး မေတ္တာသုတ် ရွတ်တယ်။ ပြီးတော့ ဘုရားကြီးမှာ ပြန်လည် စုဝေးနေတာပေါ့။ သံဃာတော်တွေက ၆၀၀ ကျော်လောက် ရှိနေတယ်။ ကလေးတက္ကသိုလ်က ကျောင်းသားတွေကလည်း စာမေးပွဲတွေလည်း မဖြေကြဘဲနဲ့ ဘုရားကြီးကနေ သံဃာတော်တွေနဲ့ စုပေါင်းတယ်။ အခုနေ့လည်ပိုင်း ၁ နာရီလောက်က စတာပေါ့။

စစ်ကိုင်းမြို့- နေ့လယ် ၁ နာရီ ခန့်တွင် စစ်ကိုင်းမြို့ရှိ ကျောင်းပေါင်းစုံနှင့် ကျောင်းတိုက်ငယ်များ ဖြစ်သည့် ဘုန်းစိုးကျောင်း၊ ပေပင်ကျောင်း၊ သိတာရုံ ကျောင်းများမှ သံဃာတော် အပါး ၁၀၀၀ ကျော် ချီတက်ဆန္ဒပြသည်ဟု သိရသည်။

ရွှေဘိုမြို့ - ယနေ့ နေ့လယ် ၁ နာရီခန့်တွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ရှိ သံဃာတော် အပါး ၈၀ ခန့်က မေတ္တာသုတ်ရွတ်ဆို၍ ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြကြကြောင်း မျက်မြင် တဦးကပြောသည်။

## ဧရာဝတီတိုင်း

ဖျာပုံမြို့ – ဧရာဝတီတိုင်း ဖျာပုံမြို့မှာ ကန်ဦးနဲ့ ဝေဇယန္တာကျောင်းတိုက်တို့က သံဃာတော် (၂၀၀) ကျော် ကြွချီရာမှာ ပြည်သူ (၂၀၀၀) ကျော် ငြိမ်းချမ်းစွာ လိုက်ပါချီတက်တယ်လို့ ဖျာပုံမြို့ခံတဦးက ပြောပါတယ်၊

ပုသိမ်မြို့ - ဧရာဝတီတိုင်း ပုသိမ်မြို့တွင် သံဃာတော်အပါး ၄၀၀ နှင့် လူထောင်ပေါင်းများစွာ အထွေထွေသပိတ် စတင်နေပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

## ကချင်ပြည်နယ်

မြစ်ကြီးနား - ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့တွင် ဒုတိယမြောက်နေ့အဖြစ် သံဃာတော် ၁၅၀ ခန့်က ယနေ့ ဆက်လက်ဆန္ဒပြနေကြသည်။ ပြည်သူတွေကတော့ လမ်းလျှောက်ပြီး လိုက်တဲ့ သူကလိုက်၊ စက်ဘီးနဲ့ ဆိုင်ကယ်တွေနဲ့ ဘေးကနေ လက်အုတ်ချီပြီး ကြည့်တဲ့ သူက ကြည့်၊ အားလုံးပေါင်း ထောင်ဂဏန်းတော့ ရှိတယ်။

ဗန်းမော်မြို့ - ယနေ့နံနက် ၆ နာရီမှ ၈ နာရီအထိ ဗန်းမော်မြို့မှ သံဃာတော် အပါး ၂၇၀ ခန့်သည် မေတ္တာသုတ်ရွတ်ဆို၍ ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြသည်ဟု ဆန္ဒပြရာတွင် ပါဝင်သော သံဃာတော် တပါးကပြောသည်။

## မွန်ပြည်နယ်

မော်လမြိုင်မြို့ - ယနေ့နေ့လယ် ၁ နာရီခန့်က မော်လမြိုင်မြို့ရှိ သံဃာတော် အပါး ၁၀၀၀ ခန့်သည် သာသနာ့ အလံများနှင့် သပိတ်ကိုမှောက်ပြီး ကိုင်ဆောင်၍ မေတ္တာသုတ် ရွတ်ဆိုကာ ချီတက်ဆန္ဒပြကြောင်း မျက်မြင်တဦးက ပြောသည်။

## ရခိုင်ပြည်နယ်

စစ်တွေမြို့ - နေ့လယ် ၂ နာရီခန့်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ သံဃာတော် အပါး ၂၀၀၀၀ ခန့်က ဦးဆောင်သည့် မြို့လုံးကျွတ်ခန့် ရှိသော ပြည်သူလူထု ၁ သိန်းခန့် ငြိမ်းချမ်းစွာပါဝင် ချီတက်ဆန္ဒပြကြကြောင်း သိရသည်။ ရဟန်းသံဃာများနှင့်အတူ မယ်သီလရှင်များ၊ ကျောင်းသားများနှင့် ပြည်သူလူထု ထောင်သောင်းချီ၍ ယနေ့ လမ်းလျှောက် ဆန္ဒပြမှုတွင် ပါဝင်ခဲ့သည်။

## တနင်္သာရီတိုင်း

ကော့သောင်မြို့ - မြန်မာပြည်တောင်ဖျားစွန်း တနင်္သာရီတိုင်း ကော့သောင်မြို့တွင်လည်း ပထမဆုံးအကြိမ်အဖြစ် ယနေ့မွန်းလွဲ ၁ နာရီတွင် သံဃာတော် ၃၁ ပါး မေတ္တာသုတ်ပရိတ်တရား ရွတ်ဖတ်ပြီး မြို့ထဲတွင် ကြွချီဆန္ဒပြခဲ့ကြသည်။